Australian Government

Job Services Australia
people • skills • jobs

# JOB SERVICES AUSTRALIA

## အလုပ်အကိုင်ရှာဖွေသူများအတွက် တစ်ဦးခြင်းအကူအညီ

**သြစတြေးလျားနိုင်ငံ အလုပ်အကိုင်ရှာဖွေသူများအတွက် ဝန်ဆောင်မှုလုပ်ငန်း (JOB SERVICES AUSTRALIA) သည် အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်ရှင်များ၏ လိုအပ်ချက်များကို ပိုမို ကောင်းမွန်စွာ ဖြည့်ဆီးပေးမည့် အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှု နည်းလမ်းသစ်ဖြစ်ပါသည်။**

သြစတြေးလျားနိုင်ငံအစိုးရသည် Job Network ကဲ့သို့သော အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုများကို ပိုမိုအံဝင်ဂွင်ကျဖြစ်မည့် ဝန်ဆောင်မှုအသစ်များဖြင့် အစားထိုးလုပ်ကိုင်နေပါသည်။

သင့်အနေဖြင့် သင့်လိုအပ်ချက်နှင့်ပိုမိုကိုက်ညီပြီး သင်တန်းတက်ခြင်းဆိုင်ရာ အခွင့်အလမ်းနှင့် လုပ်ငန်းခွင် အတွေ့အကြုံပိုမိုရရှိ အသုံးပြုနိုင်မည့် သင့်တစ်ဦးခြင်းလိုအပ်ချက် များဆိုင်ရာ အကူအညီနှင့် ဝန်ဆောင်မှု များ ရရှိမည်ဖြစ်သည်။

သင် အမှန်တကယ် လိုအပ်နေသော အလုပ်ကို ရှာဖွေရန်နှင့် ထို အလုပ်တွင် ဆက်လက်တည်မြဲနေစေရန်၊ Job Services Australia က ကူညီခြင်းနှင့် ပံ့ပိုးခြင်းပြုမည်ဖြစ်သည်။

အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများ ပြုလုပ်ရန် Job Services Australia ဝန်ထမ်း များမှာ သြစတြေးလျားနိုင်ငံအစိုးရနှင့် စာချုပ်ချုပ်ဆိုထားသည့် အဖွဲ့အစည်းများဖြစ်ပြီး သြစတြေးလျား နိုင်ငံတဝှမ်း နေရာပေါင်း 2000 ကျော်တွင် ရှိနေပါသည်။ သူတို့က သင်လိုအပ်သော ကျွမ်းကျင်မှုနှင့် လေ့ကျင့်မှုများရရန်အတွက် အစိုးရမှ ကမကထပြုလုပ်သော အစီအစဉ်များစွာတို့ဖြင့် ပံ့ပိုးခြင်း သို့မဟုတ် ဆက်သွယ်ပေးခြင်းပြုနိုင်ပါသည်။

**ပိုမိုသိကောင်း စရာများအတွက်**

**13 17 64**
**ကို ဆက်သွယ်ပါ။**
**သို့မဟုတ်**

**deewr.gov.au/jobservicesaustralia**
**တွင်ဖတ်ကြည့်ပါ**

1C09446JSA/burmese

## အလုပ်အကိုင် ရရှိရေး အတွက် အကူအညီ

သင့်ကို Job Services Australia မှ ဝန်ဆောင်မှုပေးသူသည် သင့် တစ်ဦးခြင်း လိုအပ်ချက်များနှင့် ကိုက်ညီသော အလုပ်အကိုင်ရှာဖွေရေးအစီအစဉ် (Employment Pathway Plan) တစ်ခုကို သင် နှင့်အတူ ရေးဆွဲပါမည်။ ဤအစီအစဉ်က သင့်အတွက် အလုပ်ရှာဖွေရန်နှင့် ထိုအလုပ်တွင် ဆက်လက်ပြီး တည်မြဲနေစေရန် အကူအညီဖြစ်စေမည့် လိုအပ်သောဝန်ဆောင်မှုများ၊ သင်တန်းများကို ရေးဆွဲချမှတ်မည် ဖြစ်သည်။ ၎င်းတို့အထဲတွင် အောက်ဖော်ပြပါအချက်များတွင် ကူညီသည်များ ပါဝင်နိုင်ပါသည်။

- ကိုယ်ရေးအချက်အလက်များ အကျဉ်းချုပ်
- လုပ်ငန်းခွင် အတွေ့အကြုံရနိုင်သည့်အခွင့်အရေးများ ရှာဖွေအသုံးပြုခြင်း
- ကျွမ်းကျင်မှုအသစ်များ သို့မဟုတ် အရည်အချင်းအသစ်များ ကြိုးစားရယူခြင်း
- အလုပ်အကိုင်ရရှိရေးကို အခက်အခဲဖြစ်စေမည့် အတားအဆီးမှန်သမျှ ဖြတ်ကျော်ခြင်း

သင့် Job Services Australia ဝန်ဆောင်မှုသည် သင့်ကိုရင်း၊ သင့်တစ်ဦးခြင်းဆိုင်ရာ လိုအပ်ချက် များကိုရင်း နားလည်သဘောပေါက်ရန် လုပ်ဆောင်စရာများ အားလုံးကို သင်နှင့်အတူ လုပ်ဆောင်မည် ဖြစ်သည်။ သင့်အတွက်အစီအစဉ်မှာ သင့်ကိုမူတည်ပြီးရေးဆွဲမည်ဖြစ်၍ - သင် အလုပ်အကိုင်ရရန် အခွင့် အလမ်း ပိုမိုလာစေမည်ဖြစ်သည်။

သင့်ကို Job Services Australia မှ ဝန်ဆောင်မှုပေးသူသည် မြို့နယ်အတွင်းမှ အလုပ်ရှင်များ၊ အစိုးရအသိအမှတ်ပြု လက်မှတ်ရ လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်းများ၊ ပြည်နယ်၊ ဒေသနှင့် မြို့နယ် အာဏာပိုင်အဖွဲ့များ၊ လူမှုအဖွဲ့အစည်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ နှင့် အခြားသော အဖွဲ့ အစည်း များ ကို ဆက်သွယ်လုပ်ဆောင်ပါမည်။ သူတို့က မည်သည့်နေရာတွင် အလုပ်လစ်လပ်ကြောင်းနှင့် သင် အလုပ်ရရန် သင့်ကိုမည်ကဲ့သို့ ကူညီပံ့ပိုးရမည် ဆိုသည့်အကြောင်းကို သိကြမည်ဖြစ်သည်။ သင် လိုအပ် သည့် အချိန်တွင် သင်တန်း၊ ကျွမ်းကျင်မှု တည်ဆောက်ခြင်းနှင့် အခြားသော ပြောင်းလွယ်ပြင်လွယ်ရှိသည့် အကူအညီများကိုရရှိ အသုံးပြုနိုင်မည်ဖြစ်သည်။၎င်းအချက်များထဲတွင်လုပ်ငန်းခွင် အတွေ့အကြုံရှာခြင်းနှင့် အခြားသောနည်းလမ်းများ အသုံးချခြင်းတို့လည်း ပါဝင်သည်။

**လုပ်ငန်းခွင် အတွေ့အကြုံရယူခြင်း** က သင့်ကို အောက်ဖော်ပြပါ အချက်များတွင်ကူညီနိုင်ပါမည် -

- အလုပ်လုပ်ရင်းနှင့် သင့်ကျွမ်းကျင်မှုတိုးတက်လာစေရန်
- အလုပ်ရှင်ဖြစ်လာနိုင်သူများကို သင့်စွမ်းဆောင်နိုင်သည့် အရည်အချင်းများပြသရန်
- အလုပ်အတွက် ထောက်ခံစာများရရန်
- အလုပ်နှင့်ဆိုင်သော အဆက်အသွယ်အသစ်များတွေ့ရန်
- အစီအစဉ်ချထားသော လေ့ကျင့်ရေးသင်တန်းများတွင် ပါဝင်ရန်
- အလုပ်နှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် မပြတ် အဆက်အသွယ်ရှိနေရန်

လုပ်ငန်းခွင်အတွေ့အကြုံရရှိရေး လုပ်ဆောင်မှုများမှာ အချိန်ပိုင်း၊ ယာယီ၊ သို့မဟုတ် အချိန်ပြည့်ဖြစ်နိုင်ပြီး လုပ်အားခ ရသည်လည်း ရှိသည်။ သို့မဟုတ် မရသည်လည်း ရှိသည်။ ၎င်းတို့အထဲတွင်

- Work for the Dole နှင့် အခြားသော စေတနာ့ဝန်ထမ်းအလုပ်
- Green Corps သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများ (ယခုအခါ အလုပ်ရှာဖွေခွင့် ရှိသူ အားလုံး လျှောက်ထားနိုင်သည်)
- လူမှုရေးအဖွဲ့အစည်းတစ်ခုအတွင်း မှအလုပ်
- မိုးခေါင်ရေရှားခြင်းနှင့်ဆိုင်ရာ ဝန်ထမ်းအဖွဲ့
- နိုင်ငံတော်ကာကွယ်ရေး အရန်တပ်ဖွဲ့
- အစီအစဉ်ချမှတ်ထားသော လေ့ကျင့်ရေး သင်တန်းများ တို့ဖြစ်သည်။

**အခြားသော ရွေးချယ်စရာနည်းလမ်းများ** ကလည်း သင် အလုပ်အကိုင်ရရှိရေးတွင် အတားအဆီး ဖြစ်နေ သည်များကို ကျော်လွှားနိုင်ရန် ကူညီပံ့ပိုးပါသည်။ သင့်အနေနှင့် အောက်ဖော်ပြပါ အစီအစဉ်များထဲမှ တစ်ခုခုကို ရွေးချယ်ခွင့် ရှိနိုင်ပါသည်။

**လုပ်ငန်းသစ်စတည်ထောင်ရန် မက်လုံးပေးသည့်အစီအစဉ်** သည် သင် လုပ်ငန်းငယ် အသစ်တစ်ခု စတင် လုပ်ဆောင်ရန် လိုအပ်သော သင်တန်း၊ သင်ကြားပေးခြင်းနှင့် အကူအညီများ ပေးပါသည်။

**ကုန်ထုတ်စွမ်းအား တိုးတက်လာရေး နေရာများ အစီအစဉ်** သည် သင် အရည်အချင်းအသစ်များ ရရှိ စေရန် သို့မဟုတ် လက်ရှိအရည်အချင်းများကို မြှင့်တင်နိုင်စေရန်အတွက် အသိအမှတ်ပြု သင်တန်းဆိုင်ရာ အဖွဲ့အစည်းများတွင် သင်တန်းနေရာရရန်ပံ့ပိုးသည်။

**ဩစတြေးလျားနိုင်ငံ အလုပ်သင်များအဖြစ် သင်ကြားနိုင်ရန် အစီအစဉ်** သည် သင် ဩစတြေးလျားနိုင်ငံ တွင် အလုပ်သင်အဖြစ် တက်ရောက် သင်ကြားနိုင်စေရန် လိုအပ်သော အခြေခံကျွမ်းကျင်မှုများရရှိစေမည့် နိုင်ငံတော်အသိအမှတ်ပြု စက်မှုလက်မှုသင်တန်း အစီအစဉ်ဖြစ်သည်။

**ဘာသာစကား၊စာတတ်မြောက်ရေးနှင့် အတွက်အချက် အစီအစဉ်** သည် သင်၏ စာဖတ်ခြင်း၊ စာရေးခြင်း နှင့် အတွက်အချက်ဆိုင်ရာစွမ်းရည်များ တိုးတက်လာစေရန် ပံ့ပိုးသော အခမဲ့အစီအစဉ် ဖြစ်သည်။

## ထပ်ဖံလိုအပ်သော အကူအညီ

သင့်အနေနှင့် ဆိုးဆိုးရွားရွား အခွင့်မသာဖြစ်နေသူဟု စိစစ်အကဲဖြတ်ခြင်းခံရပါက သင့်ကို Job Services Australia မှ ဝန်ဆောင်မှုပေးသူက သင့်အတွက် အထူးကျွမ်းကျင်မှု လိုအပ်သော ဝန် ဆောင်မှုများပေးနိုင်ပါသည်။ သင်ကြုံတွေ့နေရသော အခက်အခဲပေါ် မူတည်ပြီး သင် အလုပ်ရှာဖွေရရှိနိုင် စေရန် အထူးဝန်ဆောင်မှုများရနိုင်ပါသည်။ သင့်အနေနှင့် အလွန်ဆိုးရွားစွာ အခွင့်မသာသူ ဖြစ်နေရပါက ထောက်ပံ့ငွေ ပိုရနိုင်ပြီး၊ ကူညီပံ့ပိုးမှုလည်း ပိုရနိုင်ပါသည်။

အကယ်၍သင်သည် အိမ်ခြေရာမဲ့ဖြစ်နေသူ၊ မသန်မစွမ်း ဒုက္ခိတဖြစ်နေသူ၊ အန္တရာယ်ကြုံတွေ့နိုင်သည့် အ ခြေအနေရှိနေသူ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကျန်း မာရေးအခက်အခဲရှိနေသူဖြစ်ပါကသင့်ကို ဝန်ဆောင်မှု ပေးသူသည် သင့်အခြေ အနေနှင့်ကိုက်ညီသောအကူအညီနှင့်ပံ့ပိုးမှု ရရှိအောင်ကူညီပါလိမ့်မည်။ ၎င်းအကူ အညီများထဲတွင်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကူညီပံ့ပိုးသည့်ဝန်ဆောင်မှုများ၊ ဆွေးနွေး အကြံပေးခြင်းများ၊ ပြန်လည်ကျန်းမာရေးဝန်ဆောင်မှုများ၊ ငွေရေးကြေးရေးဆိုင်ရာ အကြံပေးခြင်းများနှင့် အမျက်ဒေါသ ထိန်း သိမ်းနိုင်ရေးဆိုင်ရာ အစီအစဉ်တို့ပါဝင်သည်။

သင်သည် အလွန်ဆိုးရွားစွာ အခွင့်မသာဖြစ်နေသော အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက Job Services Australia ဝန်ဆောင်မှုပေးသူအားလုံးသည်  သင့်လိုအပ်ချက်များအား လုံးကိုဖြည့်ဆီးပေးနိုင်သည့် အထူး လိုအပ်ချက်များဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်သည်။ ဩစတြေးလျားနိုင်ငံ နေရာအတော်များများတွင် အထူးကျွမ်းကျင်သူနှင့် ဥပမာ လူငယ်ဆိုင်ရာ သို့မဟုတ် မသန်မစွမ်းဖြစ်နေသူများဆိုင်ရာကို တွေ့ဆုံ နိုင်သည့် Job Services Australia အား သင် ရွေးချယ်နိုင်သည့် အခွင့်အရေးလည်း ရရှိစေမည် ဖြစ်သည်။

## ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေသူနှင့် စိတ်ပိုင်းဆိုင်ရာအရ မကျန်းမာသော အလုပ်ရှာဖွေသူများ

အကယ်၍သင်သည် ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေလျှင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ကျန်းမာရေး အခြေအနေများရှိလျှင်၊ ထို့အပြင် လုပ်ငန်းခွင်တွင် ပံ့ပိုးမှု အထူးလိုအပ်ချက်များ ရှိပါက သင့်အနေနှင့် မသန်မစွမ်းဖြစ်နေသူများအတွက် အလုပ်အကိုင်ရှာဖွေရေး ကွန်ယက် သို့မဟုတ် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများရနိုင်ရန် လိုအပ်ချက်များ ပြည့်မီနိုင်သည်။ Centrelink သို့မဟုတ် သင့် Job Services Australia ဝန်ဆောင်မှုပေးသူက ဤဝန်ဆောင်မှုများကို သင်ရနိုင်ရန် လိုအပ်ချက်များ ပြည့်မီ၊မမီ ဆွေးနွေးပြီး လိုအပ်ပါက ဆန်းစစ်ပေးရန် ရည်ညွှန်းဆက်သွယ် ပေးနိုင်သည်။

မသန်မစွမ်းဖြစ်နေသူများအတွက် အလုပ်အကိုင်ရှာဖွေရေး ကွန်ယက်အဖွဲ့ဝင်က သင့်ကို အထူး ကျွမ်းကျင်သူဆိုင်ရာ ပံ့ပိုးမှုအတွက်ကူညီနိုင်ပြီး သင် အလုပ်အကိုင်ရှာဖွေရန်နှင့် ထိုအလုပ်တွင် တည်မြဲနိုင် စေရန် ရေရှည်ပံ့ပိုးမှုပေးသွားမည်။ မသန်မစွမ်းဖြစ်နေသူများအတွက် အလုပ်အကိုင်ရှာဖွေရေး ကွန်ယက် သည် အဖွဲ့အစည်းများပါဝင်သော ကွန်ယက်တစ်ခုဖြစ်ပြီး ဩစတြေးလျားနိုင်ငံတဝှမ်း အဖွဲ့အစည်း ကြီးငယ် ပါဝင်ကြသည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုပေးသူသည် သင့်တွင် ထိခိုက်ဒဏ်ရာ ရထားခြင်းရှိလျှင်၊ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေလျှင်၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ကျန်းမာရေး အခြေအနေများရှိလျှင် သင့်အား အလုပ်အကိုင်ရှာဖွေရန် သို့မဟုတ် ထိုအလုပ်တွင် ဆက်လက်တည်မြဲနိုင် စေရန် ပံ့ပိုးမှုပေးနိုင်သည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုပေးသူများ က သင့်အားသာချက်များနှင့် စွမ်းဆောင်နိုင်သည်များကိုရင်း၊ သင်အလုပ်အကိုင်ရရှိရေးတွင် အတားအဆီး ဖြစ်နေသည်များကိုရင်း အာရုံစိုက်ပြီး သင့်တစ်ဦးခြင်း လိုအပ်ချက်များနှင့် ကိုက်ညီအောင် အစီအစဉ်များ ပြုလုပ်ပေးနိုင်သည်။

မသန်မစွမ်းဖြစ်နေသူများအတွက် အလုပ်အကိုင်ရှာဖွေရေး ကွန်ယက် သို့မဟုတ် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုပေးသူများက သင့်အား မည်ကဲ့သို့ကူညီနိုင်သည်ကိုသိလိုလျှင်၊ သို့မဟုတ် သင့် မြို့နယ်အတွင်းမှ ဝန်ဆောင်မှုပေးရာနေရာကို ရှာလိုလျှင် JobAccess မှ အကြံဉာဏ် ပေးသူကို **1800 464 800** တွင် ဆက်သွယ်ပါ၊ သို့မဟုတ် **jobaccess.gov.au** တွင် ဖတ်ကြည့်ပါ။

အကယ်၍သင်သည် ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေလျှင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ကျန်းမာရေး အခြေအနေများရှိပြီး၊လက်ရှိအလုပ်လုပ်နေလျှင်လည်း၊ JobAccess ဝန်ဆောင်မှုမှတဆင့်အကူအညီ ရနိုင် ပါသေးသည်။ ပိုမိုသိလိုပါက JobAccess မှ အကြံဉာဏ် ပေးသူကို **1800 464 800** တွင် ဆက်သွယ်ပါ၊ သို့မဟုတ် **jobaccess.gov.au** တွင် ဖတ်ကြည့်ပါ။

### အင်္ဂလိပ်ဘာသာသည် သင်ပြောနေကျ ဘာသာစကား မဟုတ်ခဲ့လျှင်

သက်ကြီးအခြေချ အင်္ဂလိပ်ဘာသာသင်တန်းအစီအစဉ် သို့မဟုတ်  ဘာသာစကား၊ စာတတ်မြောက်ရေးနှင့် အတွက်အချက် တတ်ကျွမ်းရေးအစီအစဉ်သည် သင်၏ အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှုစွမ်းရည်များ ပိုမိုတိုးတက်စေရန် ကူညီပံ့ပိုးနိုင်ပါသည်။ သင့်အား Job Services Australia ၏ ဝန်ဆောင်မှုပေးသူက သင်စကားပြန်လိုအပ်လျှင် ရှာပေးပါလိမ့်မည်။

## မကြာသေးမီက အလုပ်ဖြုတ်ခံရသော အလုပ်သမားများအဖို့ အကူအညီ

အကယ်၍သင့်ကို အလုပ်မှမလိုအပ်တော့သဖြင့်၎င်း၊ အလုပ်ရှင်၏ ချွေတာရေးစံနစ်ကြောင့်၎င်း၊ အလုပ် သမားဦးရေလျှော့ခြင်းကြောင့်၎င်း၊ သို့မဟုတ် လုပ်ငန်းတွင် အရှုံးပေါ်နေသဖြင့်၎င်း၊ မည်သည့်အကြောင်း များကြောင့်မဆို အလုပ်ဖြုတ်ခံရပါက Job Services Australia မှတဆင့် သင်သည် အလုပ်ရှာဖွေရေးဝန်ဆောင်မှုများကို ချက်ခြင်းအသုံးပြုနိုင်ရန် လိုအပ်ချက်ပြည့်မီပါလိမ့်မည်။

အထက်ပါအချက်များကြောင့် အလုပ်ပြုတ်ခဲ့သူအားလုံးသည် အလုပ်ရှာဖွေရေးဝန်ဆောင်မှုများ၏ ဖိဖိစီးစီး အလုပ်ရှာဖွေပေးသည့် ဝန်ဆောင်မှုရရှိရန် လိုအပ်ချက် ပြည့်မီမည်ဖြစ်သည်။ သင်၏ Job Services Australia သည် သင် လုပ်ငန်းခွင်တစ်နေရာမှာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကူညီရန် လိုအပ် သော အဆက်အသွယ်နှင့် အခြားလိုအပ်သောအရာများကို အသုံးပြုနိုင်ပါသည်။

၎င်းအကူအညီရရှိနိုင်ရန် သင်က Centrelink တွင် စာရင်းပေးပြီး မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။  Centrelink က သင်အလုပ်တစ်ခု အမြန်ဆုံးရနိုင်ရေးအတွက် သင့်တစ်ဦးခြင်းလိုအပ်ချက်များနှင့် ကိုက် ညီသော ဝန်ဆောင်မှုများကို ချက်ခြင်းအသုံးပြုနိုင်ရန် ကူညီပါလိမ့်မည်။

### ၁. အထက်ဖေါ်ပြပါအချက်များကြောင့် သင်အလုပ်ပြုတ်ခဲ့ရကြောင်းကို သင့်အလုပ်ရှင်ထံမှ စာတစ် စောင်သော်၎င်း၊ အလုပ်ရပ်နားထားခြင်းဆိုင်ရာ လက်မှတ်၊ သို့မဟုတ် အခြားအထောက်အထား တစ်ခုခု ကို ေ သာ်၎င်း၊ ယူထားပါ။ ၎င်းကို Centrelink ထံယူသွားပြပါ။

Centrelink က အထူးကျွမ်းကျင်မှုဆိုင်ရာဝန်ဆောင်မှုများကို အသုံးပြုနိုင်ခွင့်အတွက် လိုအပ်ချက် ပြည့်မီ၊ မမီ စစ်ဆေးအကဲဖြတ်ပြီး သင်နှင့်နီးစပ်ရာ Job Services Australia ၏ ဝန်ဆောင်မှုပေးသူနှင့်တွေ့ဆုံရန် ရက်ချိန်းစီစဉ်ပေးပါလိမ့်မည်။

### ၂. သင့် မြို့နယ်အတွင်းမှ Job Services Australia ဝန်ဆောင်မှုပေးသူနှင့်တွေ့ပါ။

သင့်ကိုဝန်ဆောင်မှုပေးသူသည် သင့်အခြေအနေအရပ်ရပ်ကို စိစစ်အကဲဖြတ်ပြီး သင်လုပ်ငန်းခွင် ပြန်လည် ဝင်ရောက်နိုင်ရန် ကူညီမည့်ဝန်ဆောင်မှုများရရှိရေးအတွက် သင်နှင့်အတူ လုပ်ဆောင်ပါမည်။

သင့်အခြေအနေပေါ် မူတည်ပြီး ချက်ခြင်းရနိုင်မည့်အကူအညီမှာ အောက်ဖေါ်ပြပါအချက်များ ပါဝင်သည်-

- အလုပ်လျှောက်ရန် ကိုယ်ရေးအချက်များရေးသားခြင်းနှင့် အလုပ်ရှာဖွေရန် အကောင်းဆုံး နည်းလမ်း များ အကြံပေးခြင်းစသည့် အလုပ်ရှာဖွေခြင်းဆိုင်ရာ အကူအညီနှင့် လေ့ကျင့်ပေးခြင်းများ ပြုလုပ်မည်
- သင်အလုပ်ရှာဖွေရန်အတွက် အကူအညီဖြစ်စေရန် တယ်လီဖုန်း၊ ကွန်ပြူတာ၊ စာရေးကိရိယာများနှင့် လစ်လပ်မှုရှိသော အလုပ်နေရာများစာရင်းကို အသုံးပြုနိုင်ရန်
- မြို့နယ်အတွင်းမှ အလုပ်ဈေးကွက်နှင့် သက်ဆိုင်လိုအပ်မည့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရန် လုပ် ဆောင်ခြင်းနှင့် လေ့ကျင့်မှုသင်တန်း
- လိုအပ်ပါက ဘာသာစကား၊ စာတတ်မြောက်ရေးနှင့် အတွက်အချက်တတ်ကျွမ်းမှုဆိုင်ရာ စွမ်းရည် များ တိုးတက်စေမည့် ကျောင်း သို့မဟုတ် သင်တန်းများသို့ ရည်ညွှန်းစေလွှတ်ခြင်း
- လိုအပ်ပါက၊ မတော်တဆထိခိုက်မှု အန္တရာယ်ကာကွယ်သည့်ဖိနပ်ဝယ်ခြင်း၊ ကားကြီးမောင်းလိုင်စင် ပြုလုပ်ခြင်း၊ ကွန်ပြူတာသင်တန်းတက်ခြင်း၊ လစာပံ့ပိုးမှု၊ နေရာပြောင်းရွှေ့စရိတ်ပံ့ပိုးမှု

## အလုပ်ဆိုင်ရာ ညှိနှိုင်းပံ့ပိုးငွေပေးခြင်း အစီအစဉ်

အလုပ်ဆိုင်ရာ ညှိနှိုင်းပံ့ပိုးငွေပေးခြင်း အစီအစဉ်သည် မော်တော်ကားစက်ရုံလုပ်ငန်း၊ အထည်လုပ်ငန်း၊ အထည်နှင့်ဖိနပ်ချုပ်လုပ်ငန်းများတွင်အလုပ်မှမလိုအပ်တော့သဖြင့် အလုပ်သမားလျှော့သည့်အထဲ ပါသူများ အတွက် ရနိုင်ပါသည်။

အကယ်၍သင့်ကို အလုပ်မှမလိုအပ်တော့သဖြင့် ဤသို့ပေးခွင့်ရှိသည့်ကုမ္ပဏီများထံမှ အလုပ်သမား လျှော့ သည့်အထဲပါလျှင် ဤအလုပ်ဆိုင်ရာ ညှိနှိုင်းပံ့ပိုးငွေပေးခြင်းကို ခံစားနေရင်း အလုပ်အကိုင်ရှာဖွေရေး ဝန် ဆောင်မှုများ၏ ဖိဖိစီးစီး အလုပ်ရှာဖွေပေးသည့် ဝန်ဆောင်မှုကို ရနိုင်သည်။

သင်နှင့်အနီးဆုံး Job Services Australia ဝန်ဆောင်မှုပေးသူကိုရှာလိုပါက **13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ် **deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

## ရှေးဦးတိုင်းရင်းသား အလုပ်ရှာဖွေသူ များအတွက်

ဩစတြေးလျားနိုင်ငံအစိုးရသည် ရှေးဦးတိုင်းရင်းသားများနှင့် သူတို့၏ လူမျိုးစုအဖွဲ့အစည်းများ လိုအပ်ချက် များနှင့် မျှော်မှန်းချက်များကို ပိုမိုပြီး လျှင်မြန်သွက်လက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရှေးဦး တိုင်းရင်းသားများဆိုင်ရာ အလုပ်အကိုင်ရှာဖွေရေး အစီအစဉ်ကို ပြန်လည်ပြုပြင်ခဲ့ပါသည်။ အသစ်ဖွဲ့စည်း လိုက်သော တိုင်းရင်းသားများဆိုင်ရာ အလုပ်အကိုင်ရှာဖွေရေး အစီအစဉ်မှာ အလုပ်ရှင်များကို ရှေးဦး တိုင်းရင်းသား ဩစတြေးလျားများကို ပိုမိုအလုပ်ခန့်ရန်နှင့် ဆက်ပြီးအသုံးပြုရန်နှင့် မိမိဘာသာ လုပ်ငန်း တစ်ခု ဖန်တီးတည်ထောင်မည်ဆိုပါက ကူညီရန် ပိုမိုအားပေးကူညီခြင်းများပါဝင်ပါမည်။

Job Services Australia သည် သင်၏ ကျွမ်းကျင်မှုများနှင့် ကိုက်ညီသော သင်တန်းတက်ရန် သို့မဟုတ် အလုပ်ရှာရန် ကူညီနိုင်ပါသည်။ သင့် Job Services Australia ဝန်ဆောင်မှု ပေးသူက သင်အလုပ်ရှာဖွေရာတွင် ဝန်ဆောင်မှုများစွာကိုရရှိအသုံးပြုနိုင်မည့် အလုပ်အကိုင်ရှာဖွေရေး လမ်းကြောင်း အစီအစဉ်ကို ရေးဆွဲရန် သင်နှင့်အတူ ဆောင်ရွက်ပါလိမ့်မည်။

သင့်ကို ဝန်ဆောင်မှုပေးသူသည် သင့်အား အောက်ပါအချက်များဆောင်ရွက်ရန် ကူညီနိုင်ပါသည် -

- အလုပ်ရှင်တစ်ဦးထံ အပ်ထားခြင်းဖြင့် လုပ်ငန်းအတွေ့အကြုံ ရရန်
- လုပ်ငန်းခွင်လက်တွေ့သင်တန်းများ၊ ကျွမ်းကျင်မှုတိုးမြှင့်ခြင်း၊ အလုပ်ရှင်များ အထူးလိုလားသည့် သီးခြား သင်တန်းများတက်ခြင်းဖြင့် မိမိအတွက် စွမ်းရည်အသစ်များ ရရန်သင်ကြားခြင်း
- အလုပ်သင်သို့မဟုတ် သင်တန်းသားအဖြစ် ရရန်ကြိုးပမ်းခြင်း၊ သို့မဟုတ် သင် ကျောင်းတက်နေ ပါကလည်း ကျောင်းကို အခြေခံသော အလုပ်သင် သို့မဟုတ် သင်တန်းသားအဖြစ် ရရန် ကြိုးပမ်းခြင်း
- အသိမှတ်ပြုသင်တန်းကျောင်း သို့မဟုတ် တက္ကသိုလ်တစ်ခုခုတွင် ဒီပလိုမာအဆင့် သို့မဟုတ် ပိုမြင့်သောအဆင့်တွင် တက်ရောက်ပညာသင်ကြားခြင်း
- သင့်ကိုယ်ပိုင်လုပ်ငန်းစတင်တည်ထောင်ရန် သို့မဟုတ် ရှိပြီးလုပ်ငန်းတိုးတက်အောင် လုပ်ဆောင်ရန်
- အလုပ်ရနိုင်ခွင့် ပိုမိုရှိသောနေရာသို့ ပြောင်းရွှေ့ရန်နှင့် သင်နှင့်သင့်မိသားစု ပြောင်းရွှေ့ရာတွင် ကူညီရန်
- သင်အလုပ်ရရှိရေး သို့မဟုတ် ရှိပြီးအလုပ်တွင် ဆက်လက် တည်မြဲနေရေးတို့ကို ဟန့်တားနေ သော အတားအဆီးတို့ကို ကျော်လွှားနိုင်ရန်
- သင်၏ စာဖတ်ခြင်း၊ စာရေးသားခြင်း၊ အတွက်အချက်တို့ကို တိုးတက်စေရန်

Job Services Australia ၏ ဝန်ဆောင်မှုပေးသူများသည် မြို့နယ်အတွင်းမှ လူမှုအဖွဲ့အစည်း တိုးတက်မှုဆိုင်ရာ အလုပ်အကိုင်ရှာဖွေရေး စီမံကိန်းများ (Community Development Employment Projects) (CDEP) မှ ဝန်ဆောင်မှုပေးသူများနှင့် တွဲဖက် လုပ်ကိုင်နေပါသည်။ အကယ်၍သင်သည် ဝေးလံသီခေါင်သောနေရာတွင်နေသည့် ရှေးဦးတိုင်းရင်းသား အလုပ်ရှာဖွေသူဖြစ်ပါက သင့် Job Services Australia ၏ ဝန်ဆောင်မှု ပေးသူက သင်အလုပ်ရှာရန်လိုအပ်သောကျွမ်းကျင်မှုများ ရရှိရေးအတွက် သင့်ဝန်ဆောင်မှုပေးသူနှင့်အတူ နီးကပ်စွာဆောင်ရွက်နိုင်မည့် သင့် မြို့နယ်အတွင်းရှိ CDEP ဝန်ဆောင်မှုပေးသူထံ ရည်ညွှန်းဆက်သွယ် ပေးလိမ့်မည်။

အကယ်၍ ပညာသင်ကြားရေး၊ သင်တန်း သို့မဟုတ် လုပ်ငန်းခွင်အတွေ့အကြုံ ရှာဖွေခြင်းဆိုင်ရာ လုပ် ဆောင်မှုများအတွက် သင်သည်မြို့နယ်အတွင်းပြုလုပ်ရန် အခြေအနေမပေးပါက ဝန်ဆောင်မှုပေးသူ သည် သင့် အားအခြားတစ်နေရာတွင် ယာယီပြောင်းရွှေ့ပြုလုပ်ရန် ကူညီပါလိမ့်မည်။ ပိုမိုသိလိုပါက **13 17 64** ကိုခေါ်ပါ။ သို့မဟုတ် **deewr.gov.au/jobservicesaustralia** တွင်ကြည့်ပါ။

CDEP အကြောင်းပိုမိုသိလိုပါက သင့်ရပ်ကွက်အတွင်းရှိ ရှေးဦးတိုင်းရင်းသားများဆိုင်ရာ ညှိနှိုင်း ဆောင်ရွက်ရေးဌာနကို **1800 079 098** တွင် ဆက်သွယ်ပါ။ သို့မဟုတ် **fahcsia.gov.au/indigenous** တွင်ဖတ်ကြည့်ပါ။

# အခြားအရေးကြီးသော အချက်အလက်များ

## အကူအညီအထောက်အပံ့ရရန် စာရင်းသွင်း မှတ်ပုံတင်ခြင်း

### ၁. သင့်မြို့နယ်အတွင်းမှ Centrelink ရုံးကို ဆက်သွယ်ပါ။

Centrelink က သင့်အခြေအနေကို အကဲဖြတ်ပြီး မည်သည့်ဝန်ဆောင်မှုများ သင်ရရှိခံစားခွင့်ရှိမည်ကို စိစစ်ဆုံးဖြတ်နိုင်ပါသည်။ Centrelink က သင့်အား Job Services Australia ဝန်ဆောင်မှု ပေးသူကို ရွေးချယ်နိုင်ရန် အချက်အလက်များပေးပြီး သင်ရွေးချယ်သော Job Services Australia ဝန်ဆောင်မှုပေးသူနှင့် တွေ့ဆုံရန် ရက်ချိန်းစီစဉ်ပေးပါလိမ့်မည်။

အချို့သော အလုပ်ရှာဖွေသူများသည် Centrelink မှတဆင့်မဟုတ်ဘဲ Job Services Australia ဝန်ဆောင်မှုပေးသူနှင့် တိုက်ရိုက် စာရင်းပေး မှတ်ပုံတင်ရန် လိုအပ်ချက် ပြည့်မီနိုင်ပါသည်။ အကယ်၍ သင်လည်း ဤကဲ့သို့ပြုလုပ်နိုင်ရန် လိုအပ်ချက်ပြည့်မီ၊မမီ သိလိုပါက **13 17 64** ကိုဆက်သွယ်ပါ။ သို့မဟုတ် **deewr.gov.au/jobservicesaustralia** တွင် ဖတ်ကြည့်ပါ။

### ၂. သင့် Job Services Australia ဝန်ဆောင်မှုပေးသူနှင့်တွေ့ပါ။

သင်ပထမဆုံးအကြိမ် တွေ့ဆုံသည့်အခါ ဆွေးနွေးအကြံပေးသူတစ်ဦးနှင့် တွေ့ဆုံရမည်ဖြစ်ပြီး၊ သူက သင့် တစ်ဦးခြင်း လိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုများနှင့် လုပ်ငန်းခွင် အတွေ့အကြုံရှာခြင်းကို ရွေးချယ်နိုင်မည့် အလုပ်အကိုင် ရှာဖွေရေး အစီအစဉ်ကို ရေးဆွဲကြမည်ဖြစ်သည်။ ၎င်းလုပ်ဆောင်မှုတွင် အောက်ဖော်ပြပါအချက်များ ပါနိုင်သည် -

- အလုပ်လျှောက်ရန် ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်ကို ရေးခြင်း
- လုပ်ငန်းခွင် အတွေ့အကြုံရနိုင်သည့်အခွင့်အရေးများ ရှာဖွေအသုံးပြုခြင်း
- ကျွမ်းကျင်မှုအသစ်များ သို့မဟုတ် အရည်အချင်းအသစ်များ ကြိုးစားရယူခြင်း
- အလုပ်အကိုင်ရရှိရေးကို အခက်အခဲဖြစ်စေမည့်အခြား အတားအဆီးများ ဖြတ်ကျော်ခြင်း

# အလုပ်အကိုင်ရှာဖွေရေးအတွက် အသုံးပြုနိုင်သည့် ကိရိယာများ

သင်အလုပ်ရှာဖွေရာတွင် အထောက်အကူဖြစ်စေရန် သင့် Job Services Australia ဝန်ဆောင်မှု ပေးသူက သင့်အား လျှင်မြန်စွာဆက်သွယ်မှုပြုနိုင်သည့် တစ်ဦးခြင်း သုံးကွန်ပြူတာများနှင့် ပုံနှိပ်ကိရိယာများ အသုံးပြုနိုင်ရန် ကူညီပါမည်။ သင့်အနေနှင့် သင့်ကိုယ်ရေးအချက်အလက်များ ပြင်ဆင်ဖြည့်စွက်ခြင်း၊ သင့် အလုပ်လျှောက်ထားရန် ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်ကို ပုံနှိပ်ခြင်း၊ သို့မဟုတ် အင်တာနက်မှတဆင့် အလုပ်ရှာခြင်းနှင့် အလုပ်လျှောက်ထားခြင်းပြုရန် ဤစက်ပစ္စည်းကိရိယာများကို အသုံးပြုနိုင်ပါသည်။

သင့်အနေနှင့် ဩစတြေးလျားနိုင်ငံ JobSearch အပါအဝင် အလုပ်ရှာနိုင်သော နေရာများစွာကို **jobsearch.gov.au** တွင်ကြည့်နိုင်ပါသည်။

JobSearch သည် လစ်လပ်သော အလုပ်နေရာ ထောင်ပေါင်းများစွာကို ဖော်ပြသည့် ဩစတြေးလျား နိုင်ငံ၏ အကြီးဆုံး အလုပ်ရှာဖွေခြင်းဆိုင်ရာ အခမဲ့ ဝက်ဘ်ဆိုက်ဖြစ်ပါသည်။ ၎င်းတွင် အလုပ်နေရာများ၊ အလုပ်အခြေအနေများ၊အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလုပ်များနှင့် သင်တန်းများ ပါဝင်သည်။

# လိုအပ်ချက်ပြည့်မီ၊ မမီ

အကယ်၍သင်သည်အလုပ်မရှိပါက Job Services Australia ဝန်ဆောင်မှုပေးသူထံတွင် မှတ်ပုံတင်စာ ရင်း ပေးသွင်းနိုင်ပါသည်။

# သင့် တာဝန်ဝတ္တရားများ

အကယ်၍သင်သည် Newstart, လူငယ်ထောက်ပံ့ကြေး သို့မဟုတ် မိဘများကိုပေးသည့် ထောက်ပံ့ကြေး ရနေပါက၊ ထောက်ပံ့ကြေးရရန် လိုအပ်ချက်များ ဆောင်ရွက်ရသည့် ActivityTest အရ၊ သင် အလုပ် ရှာရန် လိုအပ်ပြီး သင်အလုပ်ရရှိရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို ပြုလုပ်ရမည် ဖြစ်သည်။

သင့်အား Job Services Australia ဝန်ဆောင်မှုပေးသူက သင်နှင့်ဆိုင်သော အချက်အလက်များကို စဉ်းစားပြီး သင်နှင့်ကိုက်ညီသော အလုပ်များကို သင်၏ အလုပ်အကိုင်ရှာဖွေရေး အစီအစဉ်ထဲတွင် ထည့် သွင်းရန် သင်နှင့် ညှိနှိုင်းဆွေးနွေးမည်။

အကယ်၍သင်သည် မိမိပါဝင်လုပ်ဆောင်ရမည်များကို မလုပ်ဆောင်နိုင်ခဲ့လျှင် သင့်ကို ဝန်ဆောင်မှုပေးသူ နှင့် ဆွေးနွေးသင့်သည်။ အကယ်၍ သင်သဘောတူထားသည့် လုပ်ဆောင်ရမည်များကို လုပ်ဆောင်ရန် ပျက်ကွက်ပါက သင့်ဝင်ငွေဆိုင်ရာ ထောက်ပံ့နေသည်များကို ထိခိုက်နိုင်ပါသည်။

# သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှု

သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကိုယ်ရေးကိုယ်တာအချက်အလက်များဆိုင်ရာ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ *(Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ *(Social Security (Administration) Act 1999)* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေး ရနေ၊ မနေ) သင် နှင့်ဆိုင်သောအချက်အလက်များကို သင့်လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့် ဆီးပေးနိုင်ရန်အတွက် Job Services Australia ဝန်ဆောင်မှုပေးသူများ၊ Department of Education, Employment and Workplace Relations (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအတွက် အာမခံခြင်း

## ဝန်ဆောင်မှုအတွက် အာမခံခြင်း

သင့် တစ်ဦးခြင်းလိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုကို သင့် Job Services Australia ဝန်ဆောင်မှုပေးသူထံမှ စဉ်ဆက်မပြတ် ရနေမည်ဖြစ်သည်။ ဤဝန်ဆောင်မှုများသည် သင့်လက်ရှိနှင့် နောက်ခံအခြေအနေကို အရေးထားပါသည်။ ဝန်ဆောင်မှုဆိုင်ရာ အာမခံခြင်းများအားလုံးကို သင့်အနေနှင့် ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

## လုပ်ငန်းဆိုင်ရာကျင့်ဝတ်

Job Services Australia ဝန်ဆောင်မှုပေးသူများသည် ဩစတြေးလျားနိုင်ငံအစိုးရမှ ထောက်ပံ့သော အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် ကန်ထရိုက်ရထားသူများ ဖြစ်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာရန်နှင့် ကျင့်သုံးရန် အတွက် သဘောတူထားကြသူများဖြစ်သည်။ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များအကြောင်း ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

# ပိုမိုသိကောင်းစရာများအတွက်

**13 17 64 ကို ဆက်သွယ်ပါ။ သို့မဟုတ်**
**deewr.gov.au/jobservicesaustralia တွင်ဖတ်ကြည့်ပါ။**

**ဘာသာပြန်ဆိုပြီးသော သိကောင်းစရာများကို**
**deewr.gov.au/jobservicesaustralia_languages**
**တွင် ဖတ်ကြည့်နိုင်ပါသည်။**

**ပိုမိုသိကောင်း**
**စရာများအတွက်**

**13 17 64** ကို ဆက်သွယ်ပါ။ သို့မဟုတ်
**deewr.gov.au/jobservicesaustralia**
တွင်ဖတ်ကြည့်ပါ